# အာဆီယံအပေါင်းသုံးနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လွမ်ပရာဘွမ် ပူးတွဲ ကြေညာချက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လွမ်ပရာဘွမ်မြို့၌ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ အပေါင်းသုံးနိုင်ငံအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများ ဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံ့ ဝန်ထမ်းအဖွဲ့အစည်း ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအပေါင်းသုံးနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကွန်ဖရင့်မှ ရရှိခဲ့သည့် ကနဦး သဘောတူညီချက်ကို ပြန်လည်ရည်ညွှန်း၍လည်းကောင်း၊

အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် (၂၀၀၇-၂၀၁၇) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် တိုက်ရိုက်တာဝန်ယူဆောင်ရွက်သည့် အာဆီယံနိုင်ငံ့ ဝန်ထမ်းအဖွဲ့အစည်းများကွန့်ဖရင့်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံတို့အကြား တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအနက် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှု များနှင့် စွမ်းဆောင်ရည်ပျိုးထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှတစ်ဆင့် ကောင်းမွန်သောအုပ်ချုပ်မှု စနစ် မြှင့်တင်ခြင်း၊ အုပ်ချုပ်မှုကဏ္ဍဆိုင်ရာ ပိုမိုထိရောက်မှုရှိခြင်း၊ အကျိုးဖြစ်မြောက်နိုင်စွမ်းရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကို မြှင့်တင်နိုင်ခြင်းကို သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

အရှေ့အာရှဒေသတွင်း အာဆီယံအပေါင်းသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ခြင်းများ ပိုမို ခိုင်မာအားကောင်းလာစေရန်၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းပညာရပ်ဆိုင်ရာ ချိတ်ဆက်မှု များကို လွယ်ကူချောမွေ့စေရန်နှင့် ပြည်သူမှပြည်သူသို့ ချိတ်ဆက်ဆောင်ရွက်သည့်စနစ်ကို တိုးမြှင့် ရန်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ တူညီသောယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထား ဂရုပြုမှတ်သားစေရန်လည်းကောင်း၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်း စေရန် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကဖြစ်ကြောင်းကို ထပ်မံ ဂရုပြုမှတ်သားစေရန်လည်းကောင်း၊

အာဆီယံအပေါင်းသုံးနိုင်ငံများတွင် အကျိုးကျေးဇူးများရရှိစေပြီး နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ယခင်ရရှိခဲ့သော အတွေ့အကြုံကောင်းများ၊ ခေတ်မီနည်းလမ်း/နည်းပညာများနှင့် အလေ့အထကောင်းများ မျှဝေသင့်ကြောင်းကို လက်ခံယုံကြည်စေရန်လည်းကောင်း၊

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းသည် လုံခြုံရေးနှင့် ငြိမ်းချမ်းရေး ခိုင်မာအားကောင်းလာမှုကို ဖြစ်စေသကဲ့သို့ အရှေ့အာရှဒေသနှင့် အရှေ့အာရှဒေသအပြင်ဘက် ကြွယ်ဝချမ်းသာခြင်းနှင့် လူမှုကောင်းကျိုးများကို တိုးမြှင့်စေကြောင်း ကတိကဝတ်ပြုမှုအနေဖြင့်လည်းကောင်း၊

အောက်ပါတို့ကို ဆောင်ရွက်ရန် သဘောတူကြပါသည်-

(၁) နိုင်ငံများအကြားအကျိုးအမြတ်ဖြစ်ထွန်းစေမည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ မူဝါဒများကို (၂)နှစ်လျှင် (၁) ကြိမ် တွေ့ဆုံဆွေးနွေးရန်၊

(၂) အာဆီယံအပေါင်းသုံးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်(၂၀၁၇-၂၀၁၇) ကို လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်သည့်နယ်ပယ်များကို အောက်ပါအတိုင်း အစပျိုးဆောင်ရွက်သွားမည်ဖြစ်သည်-

(က) အီလက်ထရောနစ် အုပ်ချုပ်မှုစနစ် ခိုင်မာအားကောင်းလာစေရန်၊

( ခ ) ပြည်သူ့ရေးရာကဏ္ဍတွင် ထိရောက်မှု၊ အကျိုးဖြစ်မြောက်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ထုတ်လုပ် နိုင်စွမ်းအားတို့ တိုးတက်လာစေရန်၊

( ဂ ) လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့ ခိုင်မာအားကောင်းလာစေရန်၊

(၃) အာဆီယံနှင့်အပေါင်းသုံးနိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များ၌ အလေ့အထကောင်းများကို ရရှိစေသည့်သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအား အကောင်အထည်ဖော်ခြင်းတို့ကို အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၄) ကျွန်ုပ်တို့အနေဖြင့် ပူးတွဲကြေညာချက်ပါလုပ်ငန်းစဉ်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးခြင်းတို့ကို ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရန်၊

(၅) တိုးတက်မှုအခြေအနေတို့ကို အာဆီယံအပေါင်းသုံးနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှတစ်ဆင့် အာဆီယံအပေါင်းသုံးနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ အစီရင်ခံ တင်ပြ ဆောင်ရွက်သွားရန်၊

(၆) ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံကိန်းရေးဆွဲချမှတ်ခြင်း အပါအဝင် လုပ်ငန်းလုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ အဆက် မပြတ်ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အပေါင်းသုံးနိုင်ငံတို့မှ နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်၊

(၇) အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အပေါင်းသုံးနိုင်ငံတို့၏ နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့သည် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့နှင့် အပေါင်းသုံးနိုင်ငံတို့မှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်သွားရန်၊

(၈) အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အပေါင်းသုံးနိုင်ငံတို့၏ နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့အတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ရရှိရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ တင်ပြတောင်းခံသွားရန်၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန် နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ခေါင်းဆောင်များက ယခုပူးတွဲ ကြေညာ ချက်ပါ သဘောတူညီချက်များကို ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ (၂၉) ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လွမ်ပရာဘွမ်မြို့၌ လက်မှတ်ရေးထိုးပါသည်။